# လုပ်ငန်းဆိုင်ရာ ရည်ညွှန်းသတ်မှတ်ချက်

## ကရင်ပြည်နယ် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမူမှု ကာကွယ်ခြင်း (PSEA) ကွန်ရက်

### ၁။ နောက်ခံအကြောင်းအရာ

ဇန်နဝါရီလ ၁၉ ရက်၊ ၂၀၂၁ တွင် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမူမှု ကာကွယ်ခြင်း (PSEA) လုပ်ငန်းခွင်ဆွေးနွေးပွဲအား ဘားအံမြို့တွင် ကျင်းပပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံ၊ ကရင်ပြည်နယ်အတွင်း အလုပ်လုပ်ကိုင်နေကြသော UN အဖွဲ့အစည်းများ၊ INGO များ၊ LNGO များနှင့် CSO များ တက်ရောက်ခဲ့ကြသည်။ ၎င်းလုပ်ငန်းခွင်ဆွေးနွေးပွဲ၏ရည်ရွယ်ချက်မှာ ကရင်ပြည်နယ်အတွင်း လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမူမှု ကာကွယ်နိုင်မည့် လုပ်ဆောင်ချက်များနှင့် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမူမှု ကာကွယ်ခြင်း (PSEA) ကွန်ရက်ဖြန့်ကျက်နိုင်ရန် ပူးပေါင်းကြိုးပမ်းမှုများကို အားကောင်းလာစေရန် ဖြစ်သည်။ ထပ်မံ၍ ၎င်းလုပ်ငန်းခွင်ဆွေးနွေးပွဲတွင် ပါဝင်ခဲ့သော အေဂျင်စီများ၏အဓိကဆောင်ရွက်လှုပ်ရှားသူမှ ကရင်ပြည်နယ်အတွင်းရှိ လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့်မဖွယ်မရာပြုမူမှု ကာကွယ်ခြင်းဆိုင်ရာ လုပ်ဆောင်ချက်များနှင့် ပူးပေါင်းလုပ်ဆောင်မှုများကို အားကောင်းစေရန် ဦးတည်ချက်ဖြင့် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမူမှု ကာကွယ်ခြင်း (PSEA) ကွန်ရက်၏လုပ်ငန်းဆိုင်ရာ ရည်ညွှန်းသတ်မှတ်ချက်အား စတင်ပုံဖော်ရန် ဆုံးဖြတ်ခဲ့ကြသည်။

### ၂။ မျှော်မှန်းချက် နှင့် တာဝန်

က။ မျှော်မှန်းချက်

- လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမူမှု ကာကွယ်ခြင်း (PSEA) ယန္တရားများကို အဖွဲ့အစည်းအဆင့်အပြင် ကရင်ပြည်နယ်အတွင်းရှိ လုပ်ငန်းခွင်များတွင်ပါ ကျင့်သုံးရန် အားပေးလှုံ့ဆော်နိုင်မည့် အဖွဲ့အစည်းများကွန်ရက်အား ပိုမိုအားကောင်းလာစေရန်။

ခ။ တာဝန်

- ထိရှလွယ်သူများ (အမျိုးသမီးများ၊ ကလေးသူငယ်များ၊ မသန်စွမ်းသူများ နှင့် ပြည်တွင်းပြောင်းရွှေ့နေထိုင်ရသူများ)အကြားတွင် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမှုမှ ကာကွယ်ခြင်း (PSEA) ဗဟုသုတများ ပိုမိုတိုးပွားလာစေရန်။
- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်သားများအကြား လုပ်ငန်းခွင်နေရာများအတွင်း လူသားချင်းစာနာထောက်ထားမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဆောင်ရွက်ရာ၌ လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမှုမှ ကာကွယ်ခြင်း (PSEA) အသိအမြင်များ အားကောင်းလာစေရန်။
- ကရင်ပြည်နယ်အတွင်း အလုပ်လုပ်ကိုင်နေကြသော လူသားချင်းစာနာထောက်ထားမှု နှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဖွဲ့အစည်းများအကြား လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမှုမှ ကာကွယ်ခြင်း (PSEA) အားကောင်းလာစေရန်။

## ၃။ ရည်မှန်းချက်

လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမှုမှ ကာကွယ်ခြင်း (PSEA) ကွန်ရက်၏ ရည်မှန်းချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

- ကရင်ပြည်နယ် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမှုမှ ကာကွယ်ခြင်း (PSEA) ကွန်ရက်၏ လှုပ်ရှားမှုများအား ပိုမိုထိရောက်ပြီး ပိုမိုအကျိုးရှိစွာ လုပ်ဆောင်နိုင်ရန်။
- အဖွဲ့အစည်းများအကြား အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်ရန်။
- မှန်ကန်သော သတင်းအချက်အလက်များဝေမျှနိုင်ရန် နှင့် အထူးအရေးပါသော တင်ပြချက်များ ကိုကျင့်သုံးနိုင်ရန်။
- အစီအစဉ်လုပ်ရှားမှုများအလိုက် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့်မဖွယ်မရာပြုမှု မှ ကာကွယ်ခြင်း (PSEA) ဆောင်ရွက်မှုများအတွင်း တစ်ဦးနှင့်တစ်ဦး အတွေ့အကြုံများဖလှယ်၍ သင်ယူနိုင်ရန်။

## ၄။ ကရင်ပြည်နယ် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် အကြမ်းဖက်မှုမှ ကာကွယ်ခြင်း (PSEA) ကွန်ရက်၏ ဖွဲ့စည်းတည်ဆောက်ပုံ

ကရင်ပြည်နယ် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမှုမှ ကာကွယ်ခြင်း (PSEA) ကွန်ရက်၏ ဖွဲ့စည်းတည်ဆောက်ပုံမှာ အောက်ပါအတိုင်းဖြစ်သည်။ ကွန်ရက်အား ဦးဆောင်ပံ့ပိုးပေးသူအဖြစ် အဖွဲ့အစည်းတစ်ခုမှ တာဝန်ယူလုပ်ဆောင်သည်။

- ဦးဆောင်ပံ့ပိုးပေးသူ - Malteser International (MI)
- ပူးတွဲ ဦးဆောင်ပံ့ပိုးပေးသူ - Norwegian Refugee Council (NRC)
- အဖွဲ့ဝင်များ - UNFPA, UNHCR, UNICEF, UN Women, WFP, MI, SCI, KMSS, LWF, Pact Myanmar, ADRA, Mercy Corp, WVI, KWEG, MAPCPAC, CPI, MSI, MHAA, TDG CSO Network, KDHW, WON, MRCS, HI, LCM, IRC, Free Justice Women Network, WIG နှင့် အကန့်အသတ်မရှိ။

| | | | |
|---|---|---|---|
| 1 | The UN Population Fund (UNFPA) | 16 | Karen Women Empowerment Group (KWEG) |
| 2 | United Nations High Commissioner for Refugees (UNHCR) | 17 | Myanmar Association for Prevention, Care and Protection of Abandoned Children (MAPCPAC) |
| 3 | The UN International Children's Emergency Fund (UNICEF) | 18 | Community Partners International (**CPI**) |
| 4 | UN Women | 19 | Maries Stopes International (MSI) |
| 5 | World Food Programme (WFP) | 20 | Myanmar Health Assistant Organization (MHAA) |
| 6 | Malteser International (MI) | 21 | ThanDaungGyi CSO Network |
| 7 | Norwegian Refugee Council (NRC) | 22 | Karen Development of Health and Welfare (KDHW) |
| 8 | Karuna Mission Social Solidarity (KMSS) | 23 | Women Organization Network (WON-Kayin) |
| 9 | Save the Children International (SCI) | 24 | Myanmar Red Cross Society (MRCS) |

| | | | |
|---|---|---|---|
| 10 | Lutheran World Federation (LWF) | 25 | Humanity & Inclusion (HI) |
| 11 | Pact Myanmar | 26 | Legal Clinic Myanmar (LCM) |
| 12 | ADRA Myanmar | 27 | International Rescue Committee (IRC) |
| 13 | Mercy Corps | 28 | Free & Justice Women Network |
| 14 | World Vision International (WVI) | 29 | Women Initiative Group (WIG) |
| 15 | United Nations Office for the Coordination of Humanitarian Affairs (UNOCHA) | | |

**ဦးဆောင်ပံ့ပိုးသူ၊ ပူးတွဲဦးဆောင်ပံ့ပိုးသူ နှင့် အဖွဲ့ဝင်များ၏ ရည်ရွယ်ချက်နှင့် ရည်မှန်းချက်**

- ကရင်ပြည်နယ် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမူမှု ကာကွယ်ခြင်း (PSEA) ကွန်ရက်၏ မျှော်မှန်းချက်နှင့် တာဝန်များကို ဦးဆောင်၍ အကောင်အထည်ဖော်ရန်။
- ကွန်ရက်အဖွဲ့ဝင်များ၏ လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမူမှု ကာကွယ်ခြင်း (PSEA) ဆိုင်ရာအသိအမြင်များ တိုးတက်လာစေရန်အတွက် အားပေးကူညီရန်။ ဤသို့လုပ်ဆောင်ရန်မှာ အဖွဲ့အစည်းတစ်ခုချင်းစီ၏ တာဝန်ဖြစ်သော်လည်း ကွန်ရက်မှ အားပေးကူညီမှုများ လုပ်ဆောင်ရန်။
- အသစ်ဖြစ်သော သတင်းအချက်အလက်များနှင့် လိုအပ်သည့် နည်းပညာဆိုင်ရာ ကူညီပံ့ပိုးမှုများအတွက် UN အဖွဲ့အစည်းများ၊ တနိုင်ငံလုံးဆိုင်ရာ လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမူမှု ကာကွယ်ခြင်း (PSEA) ကွန်ရက် နှင့်ဆက်သွယ်ဆောင်ရွက်မှုများ အဆက်မပြတ်စေရန်။
- လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမူမှုကာကွယ်ခြင်း (PSEA) နှင့်စပ်လျဉ်းသည့် အသိအမြင်များ၊ အစီရင်ခံသည့် စနစ်နှင့် ညွှန်းပို့လမ်းကြောင်းများကို အဖွဲ့အစည်းများအတွင်းသာမက စေတနာ့ဝန်ထမ်းများ၊ အကျိုးခံစားသူများ၊ ရပ်ရွာကော်မတီများ နှင့် ရပ်ရွာလူထုများ ပါဝင်သည့် လုပ်ငန်းလုပ်ဆောင်ရာ နေရာဒေသများတွင် ဝေမျှရန်နှင့် တိုးတက်အောင် လုပ်ဆောင်ရန်။

**ဦးဆောင်ပံ့ပိုးသူ၏ တာဝန်ဝတ္တရားများ**

- ကရင်ပြည်နယ်ကွန်ရက်အတွင်းရှိ အဖွဲ့ဝင်များအတွက် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမူ မှုကာကွယ်ခြင်း (PSEA)နှင့် စပ်လျဉ်း၍ အသိပညာဖြန့်ဝေမှုကို ဖော်ဆောင်နိုင်ရန်နှင့် ထောက်ပံ့နိုင်ရန်အတွက် ညှိနှိုင်းဆောင်ရွက်ရန်။
- လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမူမှု ကာကွယ်ခြင်းစနစ်များ (ဥပမာ လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ, လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမူမှု ကာကွယ်ခြင်း (PSEA) ပါဝင်သည့် လုပ်ငန်းဆိုင်ရာ လိုက်နာရမည့်ကျင့်ဝတ်များ) ကို အားကောင်းစေရန် နှင့် ကွင်းဆင်းလုပ်ဆောင်မှုအဆင့် သဘောတူညီချက်များအားလုံးတွင် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမူမှုကာကွယ်ခြင်း (PSEA) များထည့်သွင်းရန် ကွန်ရက်အဖွဲ့ဝင်များနှင့်အတူ တွန်းအားပေးဆောင်ရွက်ရမည်။ ဤတွင် ဝန်ထမ်းအသစ်များနှင့် စပ်လျဉ်း၍ နောက်ခံသမိုင်းကောင်းမွန်မှုရှိ/မရှိကို မဖြစ်မနေစစ်ဆေးမှုအား အကောင်အထည်ဖော်လုပ်ဆောင်ခြင်းလည်း အပါအဝင်ဖြစ်သည်။
- ကွန်ရက်အတွင်းတွင် မည်သည့်အရင်းအမြစ်မှမဆို ရရှိလာသော သတင်းအချက်အလက်အသစ်များနှင့် အရင်းအမြစ်များအား အချိန်မရွေးမျှဝေရန်။
- ပုံမှန်အစည်းအဝေးပွဲများပြုလုပ်၍ အဖွဲ့ဝင်များအားလုံးကို ဖိတ်ကြားရန်နှင့် ပုံမှန်အစည်းအဝေး မတိုင်မီတွင် အစည်းအဝေးအစီအစဉ်များနှင့် အထောက်အကူပြု စာရွက်စာတမ်းများအား ပြင်ဆင်ထားရန်။
- ကရင်ပြည်နယ်ကွန်ရက် အားကောင်းလာစေရန် UNFPA, UNICEF, UNHCR နှင့် တနိုင်ငံလုံးဆိုင်ရာ လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမူမှု ကာကွယ်ခြင်း (PSEA) ကွန်ရက်များမှ အားဖြည့်ပါဝင်လာစေရေး ဆက်သွယ်ဆောင်ရွက်ရန်။
- ကွန်ရက်အဖွဲ့ဝင်များအားလုံး၏ ကိုယ်စီအခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများအတွက် လေ့ကျင့်သင်ကြားမှုများကို စီစဉ်ရန်နှင့် ညှိနှိုင်းဆောင်ရွက်ရန်။
- ကရင်ပြည်နယ် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမူမှု ကာကွယ်ခြင်း (PSEA) ကွန်ရက်အတွင်းရှိ အဖွဲ့အစည်းများ၊ ရပ်ရွာကော်မတီများနှင့် ရပ်ရွာလူထုအတွင်း တိုင်ကြားမှုညွှန်းပို့ရေးယန္တရားအား ဦးဆောင်အခန်းကဏ္ဍအဖြစ်ထားရှိပြီး UN အေဂျင်စီများနှင့် တနိုင်ငံလုံးဆိုင်ရာ လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမူမှု ကာကွယ်ခြင်း (PSEA) ကွန်ရက်အား ကူညီပံ့ပိုးရန်။

- ရှင်ကျန်ရစ်သူအား တည်ရှိပြီးဖြစ်သော CP/GBV/PSEA ညွှန်းပို့လမ်းကြောင်းများအရ ဆီလျော်မှုရှိသော အထောက်အပံ့နှင့် အကူအညီများပေးအပ်ရေးကို အစပြုဆွေးနွေးရန်။
- လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမှုကို အစီရင်ခံခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ ကိုက်ညီမှုရှိစေရေး၊ အဆိုပါအစီရင်ခံခြင်းများအား စုံစမ်းစစ်ဆေးရန် သင့်တင့်လျောက်ပတ်စွာ ညွှန်းပို့ရေး နှင့် ရှင်ကျန်ရစ်သူများအား အချိန်မှီ ကူညီထောက်ပံ့မှုများပေးအပ်နိုင်ရေးကို UN အေဂျင်စီများနှင့် တနိုင်ငံလုံးဆိုင်ရာ လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမှုမှ ကာကွယ်ခြင်း (PSEA) ကွန်ရက် နှင့်ဆီလျော်စွာ ညှိနှိုင်းဆောင်ရွက်ရန်။
- ဘေးဒဏ်ခံလူထုအား တာဝန်ခံယူခြင်းကို အားပေးမြှင့်တင်နိုင်ရန်အတွက် ကာကွယ်ရေးနှင့် အခြားဆက်စပ်မှုရှိသော ညှိနှိုင်းရေးနည်းလမ်းများ အသုံးပြုကာ စုပေါင်းညှိနှိုင်းကြိုးပမ်းဆောင်ရွက်ရန်။
- တနိုင်ငံလုံးဆိုင်ရာ လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမှုကို ကာကွယ်ခြင်း (PSEA) ကွန်ရက် အစည်းအဝေးပွဲများအား ပူးတွဲသဘာပတိနှင့်အတူ တက်ရောက်ရန်။
- ကြားဖြတ်အစည်းအဝေးပွဲများအား လိုအပ်သလို ကျင်းပဆောင်ရွက်ရန်။

**<u>ပူးတွဲ ဦးဆောင်ပံ့ပိုးသူ၏ တာဝန်ဝတ္တရားများ</u>**

- ဆွေးနွေးမှုများကို ကူညီပံ့ပိုးရန်နှင့် လိုအပ်သော ကြိုတင်ပြင်ဆင်မှုများလုပ်ဆောင်ရန်။ ဦးဆောင်ပံ့ပိုးသူ မရှိပါက (သို့) ဦးဆောင်ပံ့ပိုးသူ၏ သဘောတူညီချက်အရ ဦးဆောင်ရန်။
- ပုံမှန်အစည်းအဝေးပွဲများကို စတင်ရန်နှင့် ပိတ်သိမ်းရန်၊ ဆွေးနွေးမှုရလာဒ်များအား ကြေညာရန်နှင့် အငြင်းပွားဖွယ်ရာ ဆွေးနွေးမှုများနှင့် တိတ်ဆိတ်နေမှုများကို စောင့်ကြည့်ရန်။
- တင်ပြချက်များကို ထိရောက်မှုရှိစေရန် (သို့) ဆိုလိုရင်းရောက်စေရန်အတွက် နောက်ဆက်တွဲမေးခွန်းများ မေးမြန်းရန်။
- အချိန်အား စောင့်ကြည့်ရန်နှင့် သတ်မှတ်ချိန်ကျော်လွန်သော အပိုင်းများရှိပါက ဦးဆောင်သူအား အသိပေးရန်။
- ဆွေးနွေးနေသည့် အကြောင်းအရာမှ ကွဲထွက်သွားမှုများအား အသိပေးခြင်းဖြင့် သော်လည်းကောင်း၊ ပြန်လည်စကားစခြင်းဖြင့် သော်လည်းကောင်း ဆွေးနွေးပွဲအား ကူညီတည့်မတ်ပေးရန်။
- တိုးတက်မှုအတွက် သင့်လျော်သလို အဖွဲ့ဝင်များအား တာဝန်ပေးအပ်ရာတွင် ကူညီရန်။

- ကရင်ပြည်နယ် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမှုမှ ကာကွယ်ခြင်း (PSEA) ကွန်ရက်၏ တာဝန်များအား သတ်မှတ်ရာနှင့် လှုပ်ရှားမှုများဆောင်ရွက်ရာတွင် ပါဝင်ကူညီရန်။
- တနိုင်ငံလုံးဆိုင်ရာ လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမှုမှ ကာကွယ်ခြင်း (PSEA) ကွန်ရက် အစည်းအဝေးပွဲများအား ပူးတွဲသဘာပတိနှင့်အတူ တက်ရောက်ရန်။ ICCG အစည်းအဝေးပွဲများအား တက်ရောက်ရန်။
- ကရင်ပြည်နယ် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမှုမှကာကွယ်ခြင်း (PSEA) ကွန်ရက်မှ အခြားတောင်းဆိုမှုများအရ လိုအပ်သလို ကူညီပံ့ပိုးရန်။

## ၅။ အဖွဲ့ဝင်

ကရင်ပြည်နယ် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမှုမှ ကာကွယ်ခြင်း (PSEA) ကွန်ရက်သည် လူသားချင်းစာနာထောက်ထားမှု နှင့် ဖွံ့ဖြိုးရေးကဏ္ဍအပြင် ကရင်ပြည်နယ်ရှိ အရပ်သားအဖွဲ့အစည်းများမှ မည်သူမဆို ကွန်ရက်အတွင်းပါဝင်ထောက်ခံအားပေးရန် အဖွဲ့ဝင်အဖြစ်လက်ခံသည်။ ကရင်ပြည်နယ် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမှုမှ ကာကွယ်ခြင်း (PSEA) ကွန်ရက်အား မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဆိုင်ရာ လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမှုမှ ကာကွယ်ခြင်း (PSEA) ကွန်ရက် အဖြစ် တိုးချဲ့သွားမည်ဖြစ်သည်။

အဖွဲ့ဝင်များအားလုံးအား အဖွဲ့အစည်းအသီးသီး၏ လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမှုမှ ကာကွယ်ခြင်း (PSEA) ဆိုင်ရာ အဓိကဆယ်သွယ်ရမည့်သူများအဖြစ် တာဝန်သတ်မှတ်ပြီးဖြစ်သလို အဖွဲ့အစည်းအတွင်း လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမှုမှ ကာကွယ်ခြင်း (PSEA) မူဝါဒများ (သို့) လုပ်ငန်းဆိုင်ရာ လိုက်နာရမည့်ကျင့်ဝတ်များအား ပြင်ဆင်ချမှတ်ပြီးဖြစ်သည်ဟု သတ်မှတ်သည်။

**<u>အဖွဲ့ဝင်များ၏ တာဝန်ဝတ္တရားများ</u>**

- ကွန်ရက်အစည်းအဝေးပွဲများအား ပုံမှန်တက်ရောက်ရန်။
- အစည်းအဝေးပွဲများတွင် အထင်မြင်မှားစေသော တင်ပြချက်များမပါဝင်ပဲ ပွင့်လင်းရိုးသားသော ဆွေးနွေးမှုများလုပ်ဆောင်ရန်။

- ကရင်ပြည်နယ် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမှုမှ ကာကွယ်ခြင်း (PSEA) ကွန်ရက်အတွင်း ပြည့်စုံမှန်ကန်၍ အဓိပ္ပာယ်ရှိသော သတင်းအချက်အလက်များကို အချိန်နှင့်တပြေးညီ ဝေမျှပေးပို့ရန်။
- ကရင်ပြည်နယ် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမှုမှကာကွယ်ခြင်း (PSEA) ကွန်ရက်သို့ သက်ရောက်မှုတစ်စုံတစ်ရာ ရှိလာနိုင်သော ဘေးအန္တရာယ်များနှင့် ပြဿနာများ စတင်ပေါ်ပေါက်လာသည်နှင့် တပြိုင်နက် သတင်းပေးပို့ရန်။
- ရပ်ရွာလူထုနှင့် ဆယ်သွယ်ဆောင်ရွက်မှုရှိနေပြီး၊ ၎င်းတို့၏ တုံ့ပြန်ချက်နှင့် တိုင်ကြားချက်များ အလွယ်တကူလုပ်ဆောင်နိုင်ရန်။ အဆိုပါ တုံ့ပြန်ချက်နှင့် တိုင်ကြားမှုယန္တရားများသည် ဆီလျော်မှုရှိပြီး လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမှုမှ ကာကွယ်ခြင်း (PSEA) ကွန်ရက်နှင့် စပ်လျဉ်း၍ သတင်းအချက်အလက်နှင့် အစီရင်ခံချက်များပါ ပါဝင်စေရေးဆောင်ရွက်ရန်။
- ကွန်ရက်အစည်းအဝေးပွဲ၏ ဆုံးဖြတ်ချက်များနှင့် ရလာဒ်များအား အဖွဲ့အစည်းတိုင်းအသီးသီးတွင် ကောင်းမွန်စွာ ကျင့်သုံးမှုရှိစေရေး လုပ်ဆောင်ရန်။
- အဖွဲ့အစည်းများအတွင်းသာမက လုပ်ငန်းဆောင်ရွက်ရာ နေရာဒေသများတွင် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမှုမှ ကာကွယ်ခြင်း (PSEA) ကွန်ရက်နှင့် စပ်လျဉ်း၍ အသိအမြင်များဝေမျှခြင်း၊ အစီရင်ခံရေးလမ်းကြောင်းနှင့် ညွှန်းပို့လမ်းကြောင်းများ ကောင်းမွန်စွာ လည်ပတ်မှုရှိစေရန် အကောင်အထည်ဖော်လုပ်ဆောင်ရန်နှင့် စောင့်ကြည့်လေ့လာရန်။
- ဒေသခံရပ်ရွာလူထုများနှင့် ၎င်းတို့၏ရပိုင်ခွင့်များ၊ UN အဖွဲ့အစည်းများနှင့် NGO ဝန်ထမ်းများ လိုက်နာရန်မျှော်လင့်ထားသော လုပ်ငန်းဆိုင်ရာစံနှုန်းများ၊ တိုင်ကြားမှုနှင့် ဆွေးနွေးမှုများ လုပ်ဆောင်ရန် ဆက်သွယ်ရမည့်သူများနှင့် စပ်လျဉ်း၍ သိရှိရန်များကို ဖြန့်ဝေရာတွင် ညှိနှိုင်းပါဝင်လုပ်ဆောင်ရန်။

အဖွဲ့ဝင်များသည် အောက်ပါအနိမ့်ဆုံးလိုအပ်ချက်များနှင့် ကိုက်ညီမှုရှိရမည်။

- လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမှုမှ ကာကွယ်ခြင်း (PSEA) နှင့် အကာအကွယ်ပေးခြင်း (Safeguarding) အတွက် အဓိကဆက်သွယ်ရမည့်သူ ခန့်အပ်ပြီးဖြစ်ရမည်။
- လုပ်ငန်းဆိုင်ရာ လိုက်နာရမည့်ကျင့်ဝတ်များ (သို့) လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမှုမှ ကာကွယ်ခြင်း (PSEA) နှင့် အကာအကွယ်ပေးခြင်း (Safeguarding) ဆိုင်ရာ မူဝါဒများ ချမှတ်ပြီး ဖြစ်ရမည်။

- အလုပ်ဖော်ပြချက်ထဲတွင် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမှုမှ ကာကွယ်ခြင်း (PSEA) နှင့် အကာအကွယ်ပေးခြင်း (Safeguarding) လုပ်ငန်းဆိုင်ရာ ရည်ညွှန်းသတ်မှတ်ချက်များကို ထည့်သွင်းပြီးဖြစ်ရမည်။
- လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမှုမှ ကာကွယ်ခြင်း (PSEA) နှင့် အကာအကွယ်ပေးခြင်း (Safeguarding) တို့နှင့်စပ်လျဉ်း၍ အဖွဲ့အစည်းအတွင်း ဘေးအန္တရာယ်ဆန်းစစ်မှုများ လုပ်ဆောင်ပြီးစီးရန်နှင့် လုပ်ဆောင်ရမည့် စီမံကိန်းအား သတ်မှတ်ပြီးဖြစ်ရမည်။
- လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမှုမှ ကာကွယ်ခြင်း (PSEA) ဆိုင်ရာ အခြေခံဥပဒေသများကို စေတနာ့ဝန်ထမ်းများနှင့် ရန်ပုံငွေတဆင့် လက်ခံဆောင်ရွက်နေသော မိတ်ဖက်အဖွဲ့အစည်းများအပါအဝင် ဝန်ထမ်းများအားလုံးကို လေ့ကျင့်သင်ကြားပေးထားပြီး (သို့) လေ့ကျင့်သင်ကြားရန် စီမံချက်ချမှတ်ထားပြီး ဖြစ်ရမည်။
- ရှင်ကျန်ရစ်သူများအား ဝန်ဆောင်မှုများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်းဆုံးရရှိစေရန် လွှဲပြောင်းနည်းအပါအဝင် တိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းတုံ့ပြန်ရန် စနစ်ထားရှိပြီးဖြစ်ရမည်။
- လိုအပ်ပါက ပြည်တွင်းစုံစမ်းစစ်ဆေးသူများ၏ အကူအညီဖြင့် စွပ်စွဲထားချက်များကို လျှင်မြန်သောစုံစမ်းစစ်ဆေးမှုများ ပြုလုပ်နိုင်ရမည်။

ကွန်ရက်အဖွဲ့ဝင်များအနေနှင့် အောက်ပါလိုအပ်ချက်များကို အဖွဲ့ဝင်ဖြစ်ချိန် (သို့) ဖြစ်ပြီးချိန်တွင် လိုက်နာလုပ်ဆောင်နိုင်ရမည်။

- လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမှုကို ကာကွယ်ခြင်း (PSEA) နှင့် အကာအကွယ်ပေးခြင်း (Safeguarding) မူဝါဒများကို အဖွဲ့အစည်းအတွင်း အားကောင်းစေရန်ဖြစ်စေ၊ အကောင်အထည်ဖော်ရန်ဖြစ်စေ၊ လိုအပ်သော အရင်းအမြစ်များကို ခွဲဝေသတ်မှတ်ထားရှိရန်။
- လုပ်ငန်းလုပ်ဆောင်နေသော နေရာဒေသရှိ ကျား၊မအခြေပြုအကြမ်းဖက်ခြင်း (GBV) နှင့် ကလေးသူငယ်များအား အကာအကွယ်ပေးသည့် ဝန်ဆောင်မှုများ (Child protection services) များနှင့် စပ်လျဉ်းသော သတင်းအချက်အလက်များကို ပုံမှန်မွမ်းမံမှုလုပ်ရန်။ အဆိုပါသတင်းအချက်အလက်များ (သို့) ညွှန်းပို့ခြင်းဆိုင်ရာ မွမ်းမံပြီးအချက်အလက်များကို လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့်

မဖွယ်မရာပြုမှုမှ ကာကွယ်ခြင်း (PSEA) အဓိကဆက်သွယ်ရမည့်သူများနှင့် ဝန်ထမ်းများအားလုံး လွယ်ကူစွာ ရယူနိုင်ရန်အတွက်စီစဉ်ထားရန်။

- ညှိနှိုင်းရေးမှူးများကို ထိန်းသိမ်းထိန်ချုန်ထားရန်မဟုတ်သော သတင်းအချက်အလက်များ ပုံမှန်အစီရင်ခံခြင်း အပါအဝင် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမှုမှ ကာကွယ်ခြင်း (PSEA) ကွန်ရက်၏ အစီရင်ခံမှုဘောင်အတွင်း ပါဝင်နိုင်ရန် အဖွဲ့အစည်းရှိ အကြီးတန်းစီမံအုပ်ချုပ်သူများ၏ အတည်ပြုချက် (သို့) ထောက်ခံချက်ရရှိရန်။

## ၆။ ဗျူဟာများ အကောင်အထည်ဖော်ရန် စီမံချက်

အဖွဲ့ဝင်များအားလုံးသည် အောက်ဖော်ပြပါဗျူဟာများ အကောင်အထည်ဖော်ရန် စီမံချက်အား လုပ်ဆောင်ရမည်။

- လုပ်ငန်းလုပ်ဆောင်ရာ(သို့) ပါဝင်သော နေရာဒေသများ အသီးသီးတွင် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမှုမှ ကာကွယ်ခြင်း (PSEA) ဆိုင်ရာ ဆန်းစစ်ခြင်း နှင့် စာရင်းကောက်ယူခြင်းများ၊
- စိစစ်လေ့လာမှုလုပ်ဆောင်ရန်နှင့် သတင်းအချက်အလက်များ ဝေမျှရန် ကတိထားခြင်း၊
- အားသာချက်များ၊ အားနည်းချက်များနှင့် အစီအစဉ်ရေးဆွဲမှုများအတွက် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမှုမှ ကာကွယ်ခြင်း (PSEA) ကွန်ရက်အတွင်း အစည်းအဝေးများလုပ်ဆောင်ခြင်း၊
- ဆီလျော်သော ပုဂ္ဂိုလ်များနှင့် အသိအမြင်များ ဝေမျှခြင်း၊ ဆွေးနွေးတိုင်ပင်ခြင်း၊ ဥပဒေအရ အကူအညီပေးခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် အားပေးထောက်ခံအစည်းအဝေးပွဲများ လုပ်ဆောင်ခြင်း အစရှိသော လှုပ်ရှားမှုများ ဆောင်ရွက်ခြင်း၊
- ငွေစာရင်း၊ သတ်မှတ်ကာလများနှင့် ပါဝင်ရန်လိုအပ်သော ပွဲများ အစရှိသည်တို့အတွက် အစီအစဉ်ရေးဆွဲချမှတ်ခြင်း၊
- လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမှုမှကာကွယ်ခြင်း (PSEA) ကွန်ရက်အတွင်း တိုးတက်မှုများ၊ သင်ယူရရှိသော သင်ခန်းစာများ၊ သတင်းအချက်အလက်ဝေမျှခြင်း (လိုအပ်ပါက လျှို့ဝှက်လုပ်ဆောင်ခြင်း) နှင့် ညွှန်းပို့လမ်းကြောင်းများကို မွမ်းမံခြင်းတို့အတွက် သုံးသပ်ရန်အတွက် အစည်းအဝေးကျင်းပခြင်း။

**သတင်းအချက်အလက်များ ဝေမျှခြင်းနှင့် သတင်းအချက်အလက်များကို ထိန်းချုပ်ရန် ကူညီပံ့ပိုးပေးခြင်း**

-MIMU ၏ လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမှုမှ ကာကွယ်ခြင်း (PSEA) ဝက်ဆိုဒ်ပေါ်တွင် စာမျက်နှာအခွဲတစ်ခု (Sub-National PSEA Network Kayin) ဖွင့်လှစ်ကာ ကရင်ပြည်နယ်ကွန်ရက်ရှိ အဖွဲ့အစည်းများအနေနှင့် စာရွက်စာတမ်းများနှင့် အရင်းအမြစ်များကို ထားရှိသည်။ (ဤသို့လုပ်ဆောင်ရန် တနိုင်လုံးဆိုင်ရာ လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမှုမှ ကာကွယ်ခြင်း (PSEA) ကွန်ရက်မှ MIMU သို့ တောင်းဆိုပြီး ကရင်ပြည်နယ်ကွန်ရက်အနေနှင့် လွယ်ကူစွာ အသုံးပြုနိုင်ရန်အတွက် ချမှတ်ပေးရန်။)

အဓိကကျသော အချက်အလက်များ -

- အေဂျင်စီများအကြား ညွှန်းပို့ယန္တရားနှင့် ဆက်သွယ်ရမည့်သူများ - အဖွဲ့အစည်းအသီးသီး၏ လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမှုမှ ကာကွယ်ခြင်း (PSEA) နှင့် အကာအကွယ်ပေးခြင်း (Safeguarding)ဆိုင်ရာ အဓိကဆက်သွယ်ရမည့်သူများ၏ စာရင်းအား ဤလင့် တွင်ကြည့်ရှုနိုင်ပါသည်။

- စုံစမ်းစစ်ဆေးရေးအကူအညီများ (တနိုင်ငံလုံးဆိုင်ရာ လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမှုမှ ကာကွယ်ခြင်း (PSEA) ကွန်ရက်တွင် စုံစမ်းစစ်ဆေးမှုများအတွင်း ကူညီပံ့ပိုးရန် ခန့်အပ်နိုင်သော ကျွမ်းကျင်မှုရှိသည့် စုံစမ်းစစ်ဆေးသူများရှိသည်။)

- ရှင်ကျန်ရစ်သူများအတွက် ရန်ပုံငွေ (UNFPA နှင့် MHF တွင် CP/GBV ဆိုင်ရာ လွှဲပြောင်းရေးနည်းလမ်းများ အရ ဝန်ဆောင်မှုများမရရှိသူများအား ထောက်ပံ့ရန် အသေးစားရန်ပုံငွေတစ်ရပ်ထားရှိသည်။)

- လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမှုမှ ကာကွယ်ခြင်း (PSEA) အတွက်အရေးပေါ်ဖုန်းလိုင်းအား World Vision မှထားရှိသည်။ (အရေးပေါ်ဖုန်းခေါ်ဆိုရန် 09405149616) အကူအညီရယူရန် လုပ်ဆောင်နည်းစနစ်များကို MIMU ၏ လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမှုမှ ကာကွယ်ခြင်း (PSEA) ဝက်ဆိုဒ်ပေါ်တွင်ဖတ်ရှုနိုင်ပါသည်။

## ၇။ လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် အကြမ်းဖက်မှုမှ ကာကွယ်ခြင်း (PSEA) ကွန်ရက်အစည်းအဝေး

ကရင်ပြည်နယ် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမှုမှ ကာကွယ်ခြင်း (PSEA) ကွန်ရက်အစည်းအဝေးအား လစဉ်လတိုင်း တတိယရက်သတ္တပတ်၏ သောကြာနေ့မနက်ပိုင်း ၁၀ နာရီမှ ၁၁ နာရီခွဲအထိ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။ ပြုလုပ်မည့်နေရာသည် အစည်းအဝေးပါ

အဖွဲ့ဝင်များ၏ ဆုံးဖြတ်ချက်အရဖြစ်သည်။ လိုအပ်ပါက ကြားဖြတ်အစည်းအဝေးများလည်း ပြုလုပ်သွားမည်ဖြစ်သည်။

## ၈။ ပြင်ဆင်ဖြည့်စွက်မှု

ဦးဆောင်ပံ့ပိုးသူနှင့် ပူးတွဲ ဦးဆောင်ပံ့ပိုးသူဖြစ်သော အဖွဲ့အစည်းများသည် ဤစာတမ်းအား အခြေအနေနှင့် အဖွဲ့ဝင်များ၏ သဘောတူညီမှုအရ အချိန်မရွေး ပြင်ဆင်ဖြည့်စွက်မှုများ လုပ်ဆောင်နိုင်သည်။